

## Enrolment policy - Burmese

# ကျောင်းအပ်ခြင်းဆိုင်ရာ မူဝါဒ

## မိဘများအတွက် သတင်းအချက်အလက်

ကျောင်းသားများအားလုံး မိမိတို့ ရပ်ရွာဒေသတွင်းရှိ ကျောင်းများတွင် ကျောင်းတက်နိုင်ရေးအတွက် ပညာရေး *အက်ဥပဒေ1990* တွင် ပါရှိသော တာဝန်ဝတ္တရားများအတိုင်း ကျောင်းများက ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် NSW အစိုးရကျောင်းများတွင် ကျောင်းသားများ ကျောင်းအပ်ခြင်းဆိုင်ရာ မူဝါဒ ရှိပါသည်။ ထိုမူဝါဒက ပွင့်လင်း မြင်သာသော ကျောင်းအပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တရပ်ကို ဝန်ထမ်းများနှင့် ရပ်ရွာအကြား မိတ်ဆက်ပေးသည်။

### ကျောင်းအပ်ခြင်းဆိုင်ရာမူဝါဒကို ဘာလို့ ပြန်လည်ပြင်ဆင်ခဲ့ရသလဲ

နိုင်ငံတစ်ဝန်းလုံးတွင် ရပ်ရွာအမြောက်အများ ပြောင်းလဲနေကြပြီဖြစ်သည်။ အချို့ရပ်ရွာများမှာ ယခင်ကမမြင်ဖူးခဲ့သည့် နှုန်းဖြင့် တိုးတက်ပြောင်းလဲနေကြသည်။ အချို့ကျောင်းများသည် ယခင်က အခြားဒေသမှ ကျောင်းသားများ ကျောင်းအပ်ခြင်းကို လက်ခံခဲ့ဖူးသော်လည်း ယခုအခါ ထိုသို့လက်ခံနိုင်ခြင်း မရှိတော့ပါ။

ကျောင်းများအနေဖြင့် ကျောင်းအပ် လျှောက်လွှာများအားလုံးကို စီမံခန့်ခွဲရာတွင် အထောက်အပံ့ဖြစ်ရန်၊ ဆုံးဖြတ်ချက် ချမှတ်ရာတွင် တသမတ်တည်း ဖြစ်စေရန်နှင့် မိဘများအနေဖြင့် ကျောင်း ရွေးချယ် အပ်နှံရာတွင် ရှင်းရှင်းလင်းလင်း ဖြစ်စေရန် မူဝါဒကို ပြန်လည် ပြင်ဆင် ထားပါသည်။

### ဘာတွေ ပြောင်းလဲထားသလဲ

#### The enrolment cap

The enrolment cap ဆိုသည်မှာ ကျောင်းတစ်ကျောင်း၏ ရုပ်ဝတ္ထု အခြေအနေပေါ် မူတည်၍ ကျောင်းတွင် လက်ခံနိုင်မည့် ကျောင်းသား အရေအတွက်ဖြစ်သည်။ ကျောင်းတစ်ကျောင်းသည် မိမိရပ်ရွာ အတွင်းက မဟုတ်သည့် ကျောင်းသားများကို လက်ခံနိုင်သည့် အနေအထား ရှိမရှိ the enrolment cap က ပြောပြသည်။ ၎င်းသည် ကျောင်းတစ်ကျောင်းက လက်ခံရမည့် ရည်မှန်းအရေအတွက် သို့မဟုတ် အတိုင်းအတာကို ပြောခြင်းမဟုတ်ပါ။

ကျောင်းအပ်လက်ခံသည့် ဒေသတွင်းဇရိယာ ရှိသည့် ကျောင်းတိုင်းတွင် Term 4 2019 မှ စတင်၍ ဌာနက  သတ်မှတ်ပေးသည့် cap ရှိလာလိမ့်မည်။

The enrolment cap အရေအတွက် အတွင်းတွင် ကျောင်းအပ်လက်ခံမည့်နေရာ အမြောက် အမြားကို တစ်နှစ်အတွင်း ကျောင်းအပ်ရန် လိုအပ်သည့် ဒေသခံ ကျောင်းသား ခန့်မှန်း အရေအတွက် အတွက် ချန်လှပ်ထားရမည်။ ထိုသို့ ချန်လှပ်ထားသည့် ကျောင်းအပ် နေရာများကို the buffer ဟု ခေါ်သည်။ ထို့ကြောင့် ကျောင်းတစ်ကျောင်းအနေဖြင့် ထူးခြားသော အခြေအနေမရှိလျှင် the buffer ကိုမပြည့်မီမချင်း ဒေသခံမဟုတ်သော ကျောင်းသားများကို လက်မခံပါ။

#### အမှတ်-100 အိမ်လိပ်စာ စစ်ဆေးလွှာ

buffer သို့မဟုတ် cap အနားသို့ နီးကပ် နေပြီဖြစ်သော သို့မဟုတ် buffer သို့မဟုတ် cap ပြည့်မီနေပြီဖြစ်သော ကျောင်းများ၌ မိမိ၏ ကလေးများကို အပ်ရန် စီစဉ်နေသော မိဘများအနေဖြင့် ကျောင်း၏ သတ်မှတ် ထားသော ဒေသခံကျောင်းသား ဇရိယာ အတွင်း နေထိုင်ကြောင်း အတည်ပြုနိုင်ရန် အမှတ်-100 အိမ်လိပ်စာ စစ်ဆေးလွှာကို ဖြည့်စွက် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကလေး၏ လက်ရှိအိမ်လိပ်စာကို စစ်ဆေး နိုင်ရန် မိဘများက စာရွက်စာတမ်းများ ပေးအပ်ရမည်ဖြစ်သည်။

ကျောင်းများသည် ကလေးများ၏ ကျောင်းအပ်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များကိုသာ ရယူသောကြောင့် အိမ်လိပ်စာစစ်ဆေးလွှာ အတွက် အတည်ပြုထားသော စာရွက်စာတမ်းများ စာရင်းကို ကျောင်း၏ သို့မဟုတ် ဌာန၏ ဝက်ဘ်ဆိုဒ် https://education.nsw.gov.au/policy-library/policies/enrolment-of-students-in-nsw-government-schools တွင် ရနိုင်သည်။

#### ဒေသခံမဟုတ်သော ကျောင်းအပ်ခြင်းအတွက် ရွေးချယ်ခြင်း စံသတ်မှတ်ချက်များ

(ဖြစ်နိုင်သည့်အခါတိုင်း) ညီအစ်ကို မောင်နှမများ အပ်နှံခြင်းကို ယခုအခါ ရှင်းလင်းစွာ ဦးစားပေးကြပြီး ဒေသခံ မဟုတ်သူများ ကျောင်းအပ်ခြင်း အတွက် ရွေးချယ်မှု စံသတ်မှတ်ချက်များတွင် ကျောင်းသား၏ စွမ်းရည်၊ ဆောင်ရွက်ချက် သို့မဟုတ် အောင်မြင်မှုကို မထည့်သွင်း ကြတော့ပါ။

## ဘာတွေ မပြောင်းလဲဘူးလဲ

cap အဆင့်အတန်း မည်သို့ပင်ရှိစေ ကျောင်းများသည် ၎င်းတို့၏ ဒေသခံ လက်ခံမှု ဇုန်အတွင်း နေထိုင်သော ကျောင်းသား များကို ဆက်လက်၍ ကျောင်းအပ်လက်ခံ သွားမည်ဖြစ်သည်။

ဒေသခံမဟုတ်သော ကျောင်းသားများ၏ ညီအစ်ကိုမောင်နှမများ၏ ကျောင်းအပ်နှံမှု အခွင့်အရေးများမှာ အပြောင်းအလဲမရှိပါ။ ကျောင်းအပ်လက်ခံရန် နေရာများရှိသော ကျောင်းများတွင် ကျောင်းအပ်လျှောက်လွှာ တစ်ခုချင်းစီကို ညီအစ်ကိုမောင်နှမများ တက်ရောက်နေခြင်းရှိမရှိ ဆိုသည့်အချက် အပါအဝင် သီးခြား စဉ်းစားပေးသည်။ အကယ်၍ ကျောင်း၏ လက်ခံနိုင်စွမ်း နိမ့်ကျနေပါက လက်ရှိ တက်ရောက်နေသော ဒေသခံမဟုတ်သည့် ကျောင်းသားများ၏ ညီအစ်ကိုမောင်နှမများ လျှောက်လွှာကို ဦးစားပေး စဉ်းစားပေးသည်။

အထူးသဖြင့် ထိခိုက်လွယ်သော ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများ အတွက် ထူးခြားသော အခြေအနေများ ခန့်မှန်းချက်အပါအဝင် အကူအညီနှင့် အကြံဉာဏ်များကို ကျောင်းအပ်သည့် လုပ်ငန်းစဉ်အတွင်း ကျောင်းများက မိသားစုများကို ပေးအပ်သွားမည်။

ကျောင်းများသည် ကျောင်းအပ်နှံမှု လျှောက်လွှာများအား အဆုံးအဖြတ် ပေးရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ခံမှု ရှိသော လုပ်ငန်းစဉ်များကို မျှတစွာ၊ တသမတ်တည်း အသုံးပြု၍ မူဝါဒကို ဆက်လက် အသုံးချသွားမည်။ မိဘများတွင်လည်း အဆိုပါလုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မျှတစွာ အသုံးပြုခြင်းရှိမရှိ အဆုံးအဖြတ်ပေးရန် အယူခံနိုင်သည့် အခွင့်အရေးရှိသည်။

## ဒါပေမဲ့ အပြောင်းအလဲတွေက ကိုယ့်အတွက် ဘာအဓိပ္ပါယ်ရှိသလဲ။

### ကိုယ့်ရဲ့ ကလေးက ကျောင်းအပ်ပြီးပေမယ့် ကျောင်းရဲ့ အပ်နှံခွင့်ရှိတဲ့ ဇုန်ထဲမှာ ကိုယ်က မနေဘူးဆိုရင် ဘယ်လိုလုပ်မလဲ။

NSW အစိုးရကျောင်းတွေမှာ ကျောင်းအပ်ပြီးသား ကလေးတွေအပေါ်ကို အခုပြန်လည်ပြင်ဆင်လိုက်တဲ့ ဥပဒေက မသက်ရောက်တဲ့အတွက် သင့်ကလေးကို ဆက်ပြီး ကျောင်းအပ်ခွင့်ရနေမှာပါ။

### ကလေးကို ကျောင်းအပ်ထားတဲ့ ကျောင်းရဲ့ ဇုန် ထဲမှာပဲ ကျွန်တော်/မ တို့ လက်ရှိ နေထိုင် နေပါတယ်။ ဌာနက ကျောင်းရဲ့ ပိုင်နက်ကို ပြောင်းလဲလိုက်တဲ့အတွက် ကိုယ့်နေအိမ်က ကျောင်းရဲ့ ဇုန်ထဲမှာ မရှိတော့ပါဘူး။ ကျွန်တော်/မ မှာ တစ်ခြား ကလေးတွေလည်း ရှိပါတယ်။ သူတို့ အားလုံးကို ကျောင်း တစ်ကျောင်းထဲမှာပဲ အတူတူထားချင်ပါတယ်။ ဘယ်လိုရွေးချယ်စရာတွေ ရှိမလဲ။

ဌာနက ကျောင်းတွေရဲ့ ကျောင်းအပ်နှံခွင့် ဇုန်သတ်မှတ်ချက်တွေကို ပြောင်းလဲရတဲ့ ကာလတွေရှိပါတယ်။ အဲဒါကြောင့် ကျောင်းအပ်ပြီးသား ကလေး (တွေ)က ကျောင်းအပ်နှံခွင့် ဇုန်အပြင်ကို ရောက်သွားတတ်ပါတယ်။ အဲဒီလိုဖြစ်ရင် ကျောင်းရဲ့ buffer သို့မဟုတ် cap က ဘယ်လိုပဲ ရှိပါစေ မိသားစုက ဒီကျောင်းမှာပဲ ညီအစ်ကိုမောင်နှမ တွေကို ဆက်အပ်လို့ ရပါတယ်။

### ကျွန်တော်/မ ရဲ့ ကလေးက NSW အစိုးရ ကျောင်းရဲ့ ကျောင်းအပ်နှံခွင့် ပြင်ပက ကျောင်းသားတစ်ယောက် အနေနဲ့ ကျောင်းအပ်ခွင့်ရပြီးပါပြီ။ ကျွန်တော်/မ ရဲ့ တစ်ခြားကလေးတွေကိုလည်း ကျောင်းအပ်ခွင့် ရနိုင်ပါသလား။

ဤအချက်သည် ကျောင်း၏ လက်ခံနိုင်စွမ်း ပေါ်တွင် မူတည်ပါသည်။

- အကယ်၍ ကျောင်းသည် ၎င်း၏ **buffer နှင့် မနီးသေးပါက** ညီအစ်ကိုမောင်နှမများလည်း အပ်နှံခွင့် ရနိုင်ပါသည်။ အမှန်မှာ လက်ရှိ ကျောင်းအပ်ထားသော ကလေးများ၏ ညီအစ်ကို မောင်နှမများကို တစ်ခြား ဒေသခံမဟုတ်သော ကျောင်းသားများထက် ဦးစားပေး အပ်နှံခွင့် ရပါလိမ့်မည်။
- အကယ်၍ ကျောင်းက ၎င်း၏ **buffer နှင့် နီးကပ်နေပါက** ကျောင်းသည် ဒေသခံ မဟုတ်သော ကျောင်းသားများ လက်ခံရေး အဖွဲ့ကို ဖွဲ့စည်းပါလိမ့်မည်။ လက်ခံရရှိသည့် ဒေသခံမဟုတ်သော ကျောင်းသား လျှောက်လွှာ အရေအတွက်သည် buffer အောက် လက်ခံနိုင်သော အရေအတွက်ထက် ကျော်လွန်နေလျှင် ထိုအဖွဲ့က ဒေသခံ မဟုတ်သော အပ်နှံခွင့် လျှောက်လွှာများကို စဉ်းစားပါလိမ့်မည်။ တစ်ခါ ဤသို့ဖြစ်လျှင် လက်ရှိ ကျောင်းတွင် အပ်နှံထားသော ကျောင်းသား၏ ညီအစ်ကို မောင်နှမများကို တစ်ခြား ဒေသခံ မဟုတ်သော ကျောင်းသားများထက် ဦးစားပေး လက်ခံပါလိမ့်မည်။
- အကယ်၍ ကျောင်း၏ **လက်ခံနိုင်စွမ်းက ဥပမာ ပြည့်နေပြီ** ဆိုပါက တစ်ခြား ဒေသခံ မဟုတ်သော ကျောင်းသားများကို ထူးခြားသည့် အခြေအနေမဟုတ်ပါက လက်ခံတော့မည် မဟုတ်ပါ။

### ကျွန်တော်/မ ရဲ့ ကလေးတွေကို 2020 မှာ ကိုယ့်ဒေသတွင်းက မဟုတ်တဲ့ ကျောင်းမှာ တက်ဖို့ ကမ်းလှမ်း ထားချက် လက်ခံရရှိ ထားပြီးပါပြီ။ အခု ဘယ်လိုလုပ်ရမလဲ။

လက်ခံထားတဲ့အတိုင်းပဲ ဆက်ရှိနေမှာပါ။ 2020 မှာ စတက်မဲ့ ကျောင်းသားတွေ အတွက် Term 4 2019 မတိုင်မီ ဒေသတွင်း မဟုတ်တဲ့ ကျောင်းအပ်ထားမှုတွေအပေါ် သက်ရောက်မှု မရှိပါဘူး။

### ကိုယ့်ဒေသတွင်းက မဟုတ်တဲ့ ကျောင်းမှာ အပ်နှံဖို့ စံသတ်မှတ်ချက်တွေက ဘာတွေလဲ။

အကယ်၍ ကျောင်းအပ်မှုများက ကျောင်း၏ buffer အောက် လက်ခံနိုင်သော အရေအတွက်ထက် ကျော်လွန်နေပါက ကျောင်းများက ဒေသခံမဟုတ်သော ကျောင်းသားများကို လက်ခံနိုင်ရန် ဒေသခံ မဟုတ်သော ကျောင်းသားများ လက်ခံရေး အဖွဲ့ကို ဖွဲ့စည်းပါလိမ့်မည်။

ကျောင်းများက ရွေးချယ်ရေး စံသတ်မှတ်ချက်များကို ကျောင်း၏ဒေသ ရပ်ရွာအတွင်း အများသိရှိနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်။

### ကျွန်တော်/မ ရဲ့ အခြေအနေက ခက်ခဲလှပြီး ဒီကျောင်းက ကျွန်တော်/မ အတွက် အကောင်းဆုံးလို့ ထင်ပါတယ်။ ကျွန်တော်/မ တို့က ကျောင်းဇုန်ရဲ့ အပြင်ဖက်မှာ နေထိုင်ပါတယ်။ ဘယ်လိုလုပ်သင့်ပါသလဲ။

လူတိုင်း၏ အခြေအနေက အတူတူ ဖြစ်သည်ဟု ကျွန်ုပ်တို့လည်း မယူဆပါ။ ထူးခြား ခက်ခဲသော အခြေအနေများကို ထည့်သွင်းစဉ်းစားရသည့် အခါများလည်း ရှိပါသည်။

ဤသို့ဖြစ်ပါက သင့်ဒေသတွင်းကျောင်း၏ ကျောင်းအုပ်နှင့် ဆွေးနွေးကြည့်ပါ။

## ဆက်သွယ်ရန်

အထွေထွေစုံစမ်းရန်အတွက် ဖုန်း- 1300 679 332 သို့မဟုတ် အီးမေး - DoEinfo@det.nsw.edu.au သို့ ဆက်သွယ်ပါ။

ကျောင်းအပ်နှံရန်အတွက် စုံစမ်းလိုပါက သင့် ဒေသရပ်ရွာတွင်းရှိ ကျောင်းနှင့် ဆက်သွယ် ပြောဆိုပါ။ ကျောင်း၏ ဆက်သွယ်ရန် အချက်အလက်များကို https://education.nsw.gov.au/public-schools/going-to-a-public-school/finding-a-public-school တွင် ရှာဖွေပါ။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းနှင့်ဆက်သွယ်ရာတွင် သင့်ကို ကူညီရန် စကားပြန်တစ်ဦး အလိုရှိပါက တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 13 14 50 သို့ ဖုန်းဆက်၍ သင့်ဘာသာစကား ပြောသော စကားပြန်တစ်ယောက် တောင်းဆိုပါ။ ဖုန်းဖြေသူကို သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို ပေးပါ။ ဖုန်းဖြေသူက သင်စကားပြောရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ယောက် ထားပေးမည်ဖြစ်သည်။ ဤဝန်ဆောင်မှု အတွက် အခကြေးငွေ ပေးစရာမလိုပါ။